AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner

**ဧရာဝတီဘဏ်လီမိတက်**
**ကုမ္ပဏီမှတ်ပုံတင်အမှတ်: ၁၁၀၃၁၂၁၅၆**

အကြောင်းအရာ။ **ဧရာဝတီဘဏ်လီမိတက်၏ နှစ်ပတ်လည်အထွေထွေအစည်းအဝေး (Annual General Meeting-AGM)ကျင်းပမည့်ကိစ္စ**

၁။ ဧရာဝတီဘဏ်လီမိတက်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ချုပ်၊ နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ၉-၉-၂၀၂၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)၊ မွန်းတည့်(၁)နာရီတိတိ အချိန်တွင်ကျင်းပမည် ဖြစ်ပြီး လက်ရှိဖြစ်ပွားနေသော COVID ရောဂါအခြေအနေအရ ဧရာဝတီဘဏ်လီမိတက် (ရုံးချုပ်) (ROWE)၊ ပုသိမ်ခန်းမ၌ ဗွီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပမည် ဖြစ်ပါသည်။

၂။ အစည်းအဝေးကို အောက်ဖော်ပြပါ လုပ်ငန်းစဉ်များဖြင့် ကျင်းပမည်ဖြစ်ပြီး အစည်းအဝေး ဖိတ်စာအား ဤအကြောင်းကြားစာနှင့်အတူ အစုရှယ်ယာဝင်များနှင့် ဘုတ်အဖွဲ့ဝင် ဒါရိုက်တာ တစ်ဦးချင်းစီအား Zoom Link နှင့်အတူ ပေးပို့အပ်ပါသည်။ တက်ရောက်နိုင်ခြင်းရှိမရှိအား ဖိတ်စာတွင် ပါရှိသည့် RSVP ဖုန်းနံပါတ်များသို့ ပြန်ကြားပေးပါရန်လည်း တစ်ဆက်တည်းဖော်ပြအပ်ပါသည်-

**စီးပွားရေးဆိုင်ရာ လုပ်ငန်းစဉ်များ**

(၁) ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလတွင် ကုန်ဆုံးခဲ့သည့် ဘဏ္ဍာရေးရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာများ ရှင်းလင်းတင်ပြခြင်း၊

(၂) ဒါရိုက်တာအဖွဲ့ဝင်များ ခန့်အပ်ခြင်း (ဒါရိုက်တာအဖွဲ့ဝင်အသစ်ခန့်အပ်ရန် အကြောင်းကြားမှုအား လက်ခံရရှိခြင်း မရှိပါသဖြင့် ဒါရိုက်တာ အဖွဲ့ဝင်အသစ် ပြောင်းလဲခန့်အပ်ခြင်းမရှိပါ)

(၃) ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် ပြင်ပစာရင်းစစ်အဖွဲ့ ရွေးချယ်ခန့်အပ်ခြင်း၊ (လက်ရှိစာရင်းစစ်အဖွဲ့၏ သက်တမ်း ပြည့်မြောက်ပြီးဖြစ်သဖြင့် အသစ်ခန့်ထားရန်ဖြစ်ပါသည်)

(၄) စာရင်းစစ် ကော်မတီအပါအဝင် လက်ရှိဖွဲ့စည်းထားသည့် ကော်မတီများအား ဆက်လက်တာဝန် ထမ်းဆောင်ရန် ခန့်အပ်ခြင်း၊

ဒါရိုက်တာအဖွဲ့၏ညွှန်ကြားမှုအရ



(အောင်မျိုးစော)
ဒါရိုက်တာအဖွဲ့အတွင်းရေးမှူး

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၉ ရက်